ဦးလေးငယ်

# သံဝေဂမီး

နှင့် ရသဝတ္ထုတိုများ



# သံဝေဂမီး

"ဟဲ့... မိပုံ့ ညည်းအမေ.... အနောက်ချောင်းကြားမှာ လဲသွားလို့ တဲ့ ... ။ အဲဒါ အေးမီတို့ ခေါ်ထားပေးတယ်...။ ညည်းသွားခေါ်လိုက်ပါဦး..."

အလုပ်ဖယ်ရီပေါ် ဆင်းဆင်းချင်း ကြားလိုက်ရတဲ့ စကားက မိပုံ့အတွက် စိတ်ချမ်းသာစရာ တစ်ခုမှ မရှိ။

"ဟင်း...။ အမေတစ်ယောက်နဲ့ တော့ စိတ်ညစ်ပါတယ်။ အလုပ်သွားခါနီး အိမ်မှာ ပဲနေ အပြင်မထွက်နဲ့ လို့ အတန်တန် ပြောထားတဲ့ ကြားကနေ ထွက်ဖြစ်အောင် ထွက်တယ်။ အလုပ်က ပင်ပင်ပန်းပန်းပြန် လာပြီး အမောဖြေဖို့ နေနေသာ အိမ်တောင် မရောက်သေးဘူး အမေ့သတင်းက ကြားရပြီ"

မိပုံ့ စိတ်ပျက်စွာ ညည်းညူ မိလိုက်မိတယ်။

အမေ ခုလိုမျိုးဖြစ်နေတာ တစ်ခါတည်း မဟုတ်တော့။

အကြိမ်ကြိမ် အခါခါရှိပြီ။ ပြီးခဲ့တဲ့ လကလည်း မိပုံ့ အလုပ်ပြန်ရောက်ချိန် ည ရှစ်နာရီ ကျော်လောက် အချိန်ကြီးတောင် အမေအိမ်မှာ မရှိဘူး။ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်း မသိတာကြောင့် တစ်ရပ်ကွက်လုံး တစ်အိမ်ဝင် တစ်အိမ်ထွက် ရှာပုံတော် ဖွင့်ခဲ့ရပြီးပြီ။

လေဖျန်းပြီး ခြေတစ်ဖက် ခိုင်နေတာကြောင့် တုတ်ကောက်နဲ့ ထောက်ထောက်ပြီး တစ်လှမ်း တစ်လှမ်းကို ငါးမိနစ်လောက် လှမ်းယူနေရလို့ တောင် တော်ကာရှိရဲ့ ။ အိမ်လည်တာဆိုတာ ထမင်းမေ့ ဟင်းမေ့။ အိမ်ကိုလည်း ထုံးစံအတိုင်း တခါးပိတ် သော့ခတ်ရကောင်းမှန်း မသိ။ ဟာလာဟင်းလင်း ဖွင့်ခဲ့ပြီး လည်တာဆိုတာ ဝင်ချင်သူဝင် ထွက်ချင်သူစေပုံစံ။

အမေ့ အသက်က ၇၂ နှစ်ကျော်ပါပြီ။ အသက်ကြီးပြီး ရောဂါအခံနဲ့ သူငယ်ပြန်ချင်သလို ဖြစ်နေတာကြောင့် ပြုစုရတာ မလွယ်သလို ပြောဆိုရတာလည်း မလွယ်ပါဘူး။

မောင်နှမ သားချင်း မရှိတဲ့ မိပုံ့အဖို့ အဖေဆုံးပြီး ကတည်းက တစ်ယောက်တည်း ရှာဖွေ ကျွေးမွေးပြီး ရပ်တည်လာခဲ့ရတာ နှစ်ပေါင်း မနည်းတော့ဘူး။ အပူတွေ တစ်ပုံကြီး ရင်ဝယ် ပိုက်ထားရတဲ့ မိပုံဒုက္ခကို မည်သူမှ လည်း မသိနိုင်ပါဘူး။

ကလေးတစ်ယောက်လို ဖြစ်နေတဲ့ အမေ့ကို ပြောဆိုရတာလည်း စိတ်ရှည်စရာ တစ်ခုမှ မရှိ။ အလုပ်ပင်ပန်းတာက တစ်ကြောင်း၊ အမေ့ကို ပြောမရတာက တစ်မူတို့ ကြောင့် မိပုံ့ စိတ်မရှည်ပဲ အမေ့ကို အမြဲလိုလို ဆူငေါက်မိတယ်။

ဒီလို ဆူငေါက်တော့ ပတ်ဝန်းကျင် အမြင်မှာ မိပုံ့က လူဆိုးမ ဖြစ်ရတယ်။ မိဘကို စော်ကားလို့ မြေမြိုမယ်ဆိုပြီး ကွယ်ရာမှာ ကျိန်စာ တိုက်ခံရတာလည်း ခဏခဏ။ ဒီလို အပြောခံရတိုင်း မိပုံ့ အမေ့ကို ဒေါသ ထွက်မိတယ်။ မိပုံ့ ဒီလိုဖြစ်တာ အဓိက တရားခံက အမေပဲ။ အမေသာ အပြောလွတ် အဆိုလွတ်နေရင် မိပုံ့ ဒီလို အပြောခံရစရာ အကြောင်းမရှိ
။

ခုလည်း အိမ်မရောက်သေးခင် အမေ့ကို အလုပ်တရှုပ် သွားခေါ်ရဦးမယ်။ တွေးကြည့်လေ စိတ်တိုလေပဲ။ အပြင်မထွက်ဖို့ အတန်တန် မှာထားရက်နဲ့ လျှောက်သွားဖြစ်အောင် သွားသေးတဲ့ အမေ့ကို ကောင်းကောင်း ဆူပေါက်ရမယ်လို့ မာန်တင်းပြီး လှည့်ထွက်မယ် လုပ်တော့ သတင်းပေးသူ ဒေါ်ရင်ထွေး မိပုံ့ကို ဆက်ပြောလိုက်တဲ့ စကားက မိပုံ့ ဒေါသတွေ အထွတ်ထိပ်သို့ ရောက်အောင် ဆွဲပို့လိုက်တယ်။

"ညည်းကလည်း အေ အမေကို ဂရုစိုက်ပါ....။ သူ့ခမျာ အထီးကျန် အဖော်မဲ့ ဖြစ်နေရှာတာ ...။ ညည်းက အချိန်ပြည့် ဆူပေါက်နေတော့ သူ ဘယ်ပျော်မလဲ...။ ညည်းအာ့လို များများ သာ ဆူပေါက်နေ ညည်းကံကြီး ထိုက်လေ့မယ်"

"ဒီမှာ ဒေါ်ယဉ်ထွေး.... ဒါကျွန်မတို့ မိသားစုကိစ္စ ရှင့်အပူ မပါဘူး။ ကျွန်မအမေကို ဆူပေါက်နေတယ် ပြောရအောင် ရှင်ကဘာသိလို့ လဲ ရှင်သိချင်ရင် ကျွန်မနေရာမှာ တစ်ရက်လောက် လာနေကြည့်လေ...။ စားဖို့ သောက်ဖို့ ရော အိမ်လခရော အမေ့ဆေးဖိုးပါ ဟောဒီက ကျွန်မ နွားမကြီး တစ်ယောက်တည်း လုပ်နေရတာပါတော်...။ ဒါကြောင့် ကျွန်မဘယ်သူကိုမှ စိတ်မရှည်နိုင်ဘူး။ ဒါအမှန်ပဲ...။ ရှင်လည်း စကားပြောတာ ဆင်ခြင် ကျွန်မလက်ဝါးက ပါးမရွေးဘူးနော်"

မိပုံ ပြောပြောဆိုဆို မျက်စောင်းကို အားပါးတရ ပစ်ထိုးကာ လှည့်ထွက်လာခဲ့တယ်။ ဒေါ်ယဉ်ထွေး တစ်ယောက်ကတော့ မိပုံကို နောက်မှ မေတ္တာ တွေတသီကြီး ပို့ပြီး ကျန်ခဲ့လေရဲ့ ။ မိပုံ့ စိတ်ထဲကလည်း ဒေါ်ယဉ်ထွေးကို ပါးသုံးလေးချက် ဆင့်ရိုက် ခဲ့လိုက်ပါပြီ။

***

တကယ်တော့ မိပုံ့တို့ အထည်ချုပ် သမတွေရဲ့ ဘဝက လွယ်တော့ မလွယ်ပါဘူး။ မနက်မိုးလင်းပြီ ဆိုကတည်းက ဖယ်ရီမီဖို့ အရေးပြေးလွှားရ၊ ညနေ အိမ်ပြန်ချိန်ကြတော့လည်း လမင်းကြီးတောင်ပြူးပြူးထွက်တဲ့ အချိန်ထိ။

အလုပ်ထဲမှာ လည်း ဘာထူးလဲ စက်ရုံကျယ်ကြီးထဲမှာ ခါးတွေ ကိုက်အောင် ထိုင်ချုပ်ရတာ တစ်နေကုန် တစ်နေခန်း။

ကြားထဲ အထက်က စက်လိုင်း ခေါင်းဆောင်တွေ ဆူတာငေါက်တာ ဆဲတာဆိုတာ ခံရတာ ဆိုတာလည်း မိုးမွှန်နေအောင်။ လုပ်သာလုပ်ရတာ ဘယ်သူမှ ပျော်လို့ တော့ မဟုတ်ပါဘူး။ မိသားစု စားဝတ်နေရေး၊ လူမှုရေးစတဲ့ အရေးပေါင်း မြောက်များ စွာကို ဖြေရှင်းဖို့ လာလုပ်ကြတဲ့ သူတွေချည်းပဲ။

တစ်နိုင်ငံလုံးက လူတွေလာစုကြတဲ့ စက်ရုံကြီးမှာ လူပေါင်းစုံ ရှိသလို စရိုက်တွေလည်း ပေါင်းစုံပါပဲ။

ပူလောင်ပြင်းပြတဲ့ ရန်ကုန် ရာသီဥတုကြားမှာ ရှန်းကန် လုပ်ရှားရလွန်းလို့ ဘယ်သူမှ မျက်နှာလှလှ မထားနိုင်သလို ဘယ်သူမှ လည်း အေးအေးလူလူ မနေနိုင်ကြပါဘူး။ ရတဲ့ လစာလေးကို ခွဲခြမ်းစိုက်ဖြာစားသောက်ရင်း နှစ်တွေ လတွေသာ အလီလီ ပြောင်းသွားတယ် ပိုလျှံလာတယ်တော့ မရှိပါဘူး။

တခြားသူကို မပြောနဲ့ မိပုံ့ဘဝလည်း ဘာထူးလဲ။ ပြေးကြည့်မှ သားအမိနှစ်ယောက်တည်း ရှိတဲ့ မိသားစုမှာ ရောဂါသည် အမေကို ဂရုစိုက်ရ

င်း အိမ်လခ စားစရိတ် ဆေးစရိတ်တို့ အတွက် ရှာဖွေခဲ့တာလည်း နှစ်ပေါင်း မနည်းတော့ဘူး။ ဘယ်မှာ လဲ ပိုလျှံလာတဲ့ ငွေ။ နားနှစ်ဖက်တောင် ခုချိန်ထိ ဟောင်းလောင်းပဲ။ မိုးလင်းကနေ မိုးချုပ် စက်ရုံထဲမှာ အချိန်ကုန်ရင်း မိပုံ့ကိုယ်တိုင် အသက်သုံးဆယ်ကျော် အပျိုကြီး ဘဝကို လုံးလုံးလားလားကြီး ရောက်ရှိလို့ ။

ရောဂါအရှိန်နဲ့ လေဖျန်းပြီး သူငယ်ပြန်နေတဲ့ အမေ့ကိုပူရ၊ စားသောက်ဖို့ ရုန်းကန်ရနဲ့ မိပုံ့ဘဝကလည်း ဖုတ်ပူ မီးကျပါပဲ။ ပူလောင်ရလွန်းလို့ အေးချမ်းမှုကို ဘယ်လိုရှာရမယ်ဆိုတာ မိပုံကိုယ်တိုင်တောင် မသိတော့သည် အထိပါပဲ။

ကလေးတစ်ယောက်လို ဖြစ်နေတဲ့ အမေ့ကို ကလေးထိန်းသလို ထိုင်းနေရတဲ့ မိပုံ့နေရာကိုတော့ ဘယ်သူမှ ကိုယ်ချင်း စာမိကြမယ် မထင်။ တစ်ရပ်ကွက်လုံးက အမေကို ဆူငေါက်တဲ့ ကလေးမ ကံကြီးထိုက်မယ်ဆိုပြီး တစ်ယောက်တစ်မျိုး ကျိန်စာတိုက်တာ ခံရတဲ့ အချိန် မိပုံ့တစ်ယောက်တည်း ကျိတ်ငိုခဲ့ဖူးတယ်။ တိုင်ပင်ဖော်မရှိ နှီးနှောဖော်မရှိတဲ့ ဘဝကို ဘယ်သူကများ စာနာပေးခဲ့ကြသလဲ မိပုံ့ မေးလိုက်ချင်စမ်းပါဘိ ။

ဆေးသောက်ချိန် မသောက် စားချိန်မစားနဲ့ ကလေး တစ်ယောက်လို စိတ်ထင်ရာအတိုင်း လိုက်လုပ်နေတဲ့ အမေ့ကိုလည်း မိပုံ့ ဘယ်လိုများ ပြုစုရပ့ါ။

အမေက မိပုံ့အတွက်တော့ ကူဖော်မရ လောင်ဖက်ပါပဲ။ မိပုံ့ကို မကူညီတဲ့ အပြင် အမြဲ ဒုက္ခပေးတယ်။ အမေ့ကြောင့် မိပုံ့ဘဝ ဒုက္ခရောက်ပေါင်း မနည်းတော့ဘူးလို့ မိပုံထင်တယ်။ အဲဒီ ဒုက္ခတွေက လွတ်အောင် အမေနဲ့ ဝေးရာကိုလည်း မိပုံ့ ထွက်ပြေးချင်မိတယ်။

မိပုံ့စိတ် အမေ့ကို စိတ်အပျက်ဆုံးက ပြောစကား နားမထောင်တာပဲ ။

အိမ်မလည်နဲ့ ဆို လည်တယ်။ မလုပ်နဲ့ လို့ ပြောထားတဲ့ အရာမှန်သမျှ အမေလုပ်တယ်။ အမြဲတမ်းလိုလို အလုပ်ပြန်ပြီး အိမ်မရောက်ခင် အမေ့ကို ရှာရတာက အလုပ်တစ်ခု။

အမေ ခုလို အိမ်မလည်နိုင်အောင် တစ်ခုခုတော့ လုပ်ကို လုပ်ရတော့မယ်...။

***